## ရခိုင်ပြည်နယ် မြို့နယ် (၇)မြို့နယ်နှင့် ချင်းပြည်နယ်ပလက်ဝ မြို့နယ်တို့တွင် အင်တာနက် 2-G ဖွင့်ပေးခြင်း အခြေအနေနှင့်ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းများမှ ထုတ်ပြန်ကြေငြာချက်

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်။

၁။ ရခိုင်ပြည်နယ်မြို့နယ်(၇)မြို့နယ်နှင့် ချင်းပြည်နယ်ပလက်ဝမြို့နယ်တို့တွင် တစ်နှစ်ကျော်ကြာဖြတ်တောက်ထားသည့် အင်တာနက်ကို လူမှုစီးပွားလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် 2G စနစ်ဖြင့် ပြန်ဖွင့်ပေးခဲ့သည်။

၂။ 2G အင်တာနက်ဖြင့် အီးမဲလ်(Email)၊ သတင်းစာတို (SMS) နှင့် ဝဘ်ဆိုက် (Website) များ ကိုသုံးစွဲမှု အခက်အခဲများကြောင့် ၁၀ တန်းအောင်စာရင်းများကြည့်ရှုအဆင်မပြေခဲ့ခြင်း၊ လူမှုစီးပွားရေးဆိုင်ရာ ကိစ္စရပ်များအတွက် အင်တာနက်ဖြင့် ချိတ်ဆက်ဆောင်ရွက်ရခြင်းမှာ နဂိုမူလအင်တာနက်ဖြတ်တောက်ထားခဲ့စဉ် အခြေအနေနှင့် ထူးမခြားနားရှိနေခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ မတရားဖမ်းဆီးခံစားနေရခြင်းများ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များ ဆက်လက်ဆုံးရှုံးလျက်ရှိနေခြင်းတို့အပြင် တကျော့ပြန်ခေါင်းထောင် လာသည့် Covid-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များနှင့်လက်လှမ်းဝေးနေခြင်းစသည့် ဆိုးရွားလှသော အခြေအနေများကို ဒေသခံများမှဆက်လက်ခံစားနေကြရသည်။

၃။ ခေတ်အဆက်ဆက်သော မြန်မာပြည်အစိုးရတို့သည် ပြည်နယ်များရှိ တန်းတူရေးအတွက် တော်လှန်တိုက်ပွဲဝင်နေကြသော လက်နက်ကိုင်ပဋိပက္ခကိုဖြေရှင်းရာတွင် ဒေသခံပြည်သူများကို နည်းမျိုးစုံဖြင့် နှိပ်စက်နှောင့်ယှက် ဒုက္ခပေးကြသည်။ 2G အင်တာနက်စနစ်သည် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင်ကျင်းပမည့် တတိယအကြိမ် မြောက်ရွေးကောက်ပွဲ၏ မဲဆွယ်ခြင်းနှင့် ပြည်သူများ၏ဒီမိုကရေစီ အခြေခံအကျဆုံးဖြစ်သည့် လွတ်လပ်စွာထုတ်ဖော် ဆန္ဒမဲပေးခြင်းအခွင့်အရေးများကို တားဆီးနှောင့်ယှက်မှုကိုဖြစ်စေမည်ဖြစ်သည်။

၄။ ၂၀၁၁ ခုနှစ် မှစတင်ကာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖျက်သိမ်းနေကြပြီဖြစ်သည့် 2G အင်တာနက်စနစ် ဖွင့်ပေးခြင်းဖြင့် လူမှုစီးပွားလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ဆိုသည့် အစိုးရ၏အကြောင်းပြချက်မှာ သိက္ခာမဲ့သည့် လှည့်ဖြားမှုတစ်ရပ်သာဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် လူမျိုးရှင်းလင်းရေး လုပ်ရပ်များကို ကျူးလွန်ခဲ့သည့် တပ်မတော်၏ အလားတူကျူးလွန်မှု၊ ကျူးလွန်နိုင်ခြေများကို ဒီမိုကရေစီအစိုးရကိုယ်တိုင်က အားပေးကာကွယ်ပေးနေသည့် လုပ်ရပ်သာ ဖြစ်သည်။

၅။ အဖက်ဖက်မှ နိမ့်ကျနေသော ဤပဋိပက္ခဒေသတွင်းပြည်သူများ၏ အခွင့်အရေးများကို အလေးထားလျှင် အင်တာနက်အပြည့်အဝပြန်လည်ဖွင့်ပေးခြင်းဖြင့် "ပြည်သူသည်သာအဓိက" ဆိုသည့်စကားရပ်ကိုလက်တွေ့ကျင့်သုံးရန် ပြည်ထောင်စု အစိုးရအား အလေးအနက်တိုက်တွန်းသည်။

အရပ်ဘက်အဖွဲ့ အစည်းများ -

၁။ ရခိုင့်ရှေ့ဆောင်အမျိုးသမီးများအဖွဲ့
၂။ People For People (PFP)
၃။ ရခိုင်တိုင်းရင်းသားမျိုးနွယ်များ အစည်းအရုံး (REC)
၄။ Peace and Development Initiative (PDI)
၅။ Community Empowerment and Resilience Association
၆။ ဝံလက် ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း
၇။ Arakan Humanitarian Coordination Team
၈။ ရခိုင်အရပ်ဘက်အဖွဲ့အစည်းများကွန်ရက် (ACN)
၉။ ရခိုင်လူငယ်မျိုးဆက်သစ် - ကွန်ရက်
၁၀။ အစိမ်းရောင်ဘဝများ
၁၁။ အုန်းတော ပရဟိတ ဖောင်ဒေးရှင်း
၁၂။ သန္တာရင်သွီး မျိုးဆက်သစ်လူငယ်များအဖွဲ့
၁၃။ ရမ်းဗြဲမြို့နယ် လူငယ်များကွန်ရက်
၁၄။ ရခိုင်ပြည်ကျောင်းသားသမဂ္ဂ
၁၅။ မရာမာကြီးလူငယ်များ ကွန်ရက်
၁၆။ သက်လူငယ်များဖွံ့ ဖြိုးတိုးတက်ရေးအဖွဲ့
၁၇။ တောင်ကုတ်လူငယ်ကွန်ရက်
၁၈။ စေတနာ့လူငယ်များအဖွဲ့
၁၉။ အမ်းလူငယ်မျိုးဆက်သစ်
၂၀။ အနောက်တံခါးလူငယ်များအဖွဲ့ (မောင်တော)
၂၁။ စာပေဥယျာဉ် ဘူးသီးတောင်
၂၂။ ရသေ့တောင်မြို့နယ် လူငယ်ကွန်ရက်
၂၃။ ရခိုင်လူငယ်မျိုးဆက်သစ်အဖွဲ့ (RYNG)
၂၄။ မြို့လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
၂၅။ ရခိုင်မျိုးဆက်သစ်အမျိုးသမီးအဖွဲ့
၂၆။ မြောက်ဦးလူငယ်များ အစည်းအရုံး (MUYA)
၂၇။ ဘဝအားမာန် အသင်း
၂၈။ ကမ်းထောင်းကြီး လူငယ်မျိုးဆက်သစ်
၂၉။ Athan (Freedom of Expression)
၃၀။ Arakan Students Union (Universities' of Rangoon)

ဆက်သွယ်ရန် -
ဦးသန်းလှ - ၀၉ ၄၄၈၀၁ ၆၃၃၇